# အင်္ဂလန်ခရီး မပြီးသေးပါ (၁၃)

အရှင်ဉာဏိက



**Stonehenge** တဲ့။ အမည်ကိုသာ သိသူ ရှားမယ်။ သူ့ရဲ့ရုပ်ပုံလွှာကိုတော့ အမြင်အာရုံရှိသူ တော်တော်များများ မြင်တွေ့ဖူးပြီးသားဖြစ်မှာပါ။ စတုန်းဟင်းက ကမ္ဘာမှာ အလွန်ထင်ရှားတဲ့ အထိမ်းအမှတ်များထဲက တစ်ခု။ ကျယ်ပြန့်တဲ့ မြက်ခင်းအလယ်၊ ကျောက်ရှိုင်းတုံးတွေ မတ်မတ်ထောင်ထားတဲ့အပေါ် တချို့ကျောက်တုံးတွေကို အပေါ်ကနေ ကန့်လန့်ဖြတ်တင်ထားတဲ့ ပုံစံက၊ အခြားဘယ်နေရာမှာမှ မရှိနိုင်တဲ့အရာမျိုး။

ကိုယ်ကတော့ ဟိုးလွန်ခဲ့တဲ့နှစ်ပေါင်းများစွာ ကတည်းက ဒီပုံရိပ်နဲ့ ရင်းနှီးကျွမ်းဝင်နေခဲ့ပေမယ့် ဒီအရာ ဘယ်မှာရှိတယ်၊ ဘယ်ခေတ်ဘယ်အခါက တည်ဆောက်ခဲ့တယ်၊ ဘာအဓိပ္ပါယ်ကိုဆောင်တယ်ဆိုတာ မသိခဲ့ပါဘူး။ ကုန်ကုန်ပြောရလျှင် စတုန်းဟင်းဂ်ဆိုတဲ့ ဒီနာမည်ကိုတောင် မသိခဲ့ပါဘူး။ သို့ပေမယ့် သူ့ရိပ်ပုံကို တွေ့စကတည်းက ဒီမြင်ကွင်းရဲ့နောက်ဆွယ်မှာ ထူးခြားတဲ့ သမိုင်းအချက်အလက်တော့ ရှိနေလိမ့်မယ်ဆိုတာကိုတော့ အလိုလို ယုံကြည်နေမိခဲ့သား။ ကိုယ်က ဒီစတုန်းဟင်းဂ်ကို ဂရိ၊ ဒါမှမဟုတ် အီတလီ တစ်နိုင်ငံငံမှာ ရှိမယ်ထင်ထားခဲ့တာ။ ဟုတ်တယ်လေ။ အလွန်ရှေးကျပြီး ကျောက်သားကျောက်စိုင်နဲ့ ဆက်နွှယ်တဲ့ သမိုင်းတွေက ဂရိတို့ အီတလီတို့မှာပဲ အရှိများတာကိုး။ ခုတော့ ကံကောင်းထောက်မစွာ မထင်မှတ်ပဲ စတုန်းဟင်းကို အင်္ဂလန်မှာ လာတွေ့လိုက်ရတယ်။ ဒီတော့ စတုန်းဟင်းအကြောင်းကို လေ့လာဖြစ်တယ်။ စတုန်းဟင်းအကြောင်းလေ့လာလိုက်မှ ကိုယ်ထင်ထားတာထက် ပိုပြီးရှေးကျနေတယ်ဆိုတာကို သိလိုက်ရတယ်။ အော် ဒီလောက်တောင်မှ နှစ်ပေါင်းရှည်ကြာနေခဲ့ပြီကိုးလို့လည်း အံ့အံ့သြသြ ဖြစ်မိရတယ်။



လူ့ယဉ်ကျေးမှုသမိုင်းကို စူးစမ်းလေ့လာတဲ့ ပညာရှင် **(Archeologist)** များကတော့ ဒီထူးခြားလှတဲ့ သမိုင်းဝင် အထိမ်းအမှတ်ပုံရိပ်လွှာ ကျောက်တုန်းများကို ဘီစီ ၂၅၀၀ ဝန်းကျင်လောက်က စတင်တည်ဆောက်ခဲ့တယ်လို့ ယုံကြည်ကြပါတယ်။ တချို့ကတော့ ဘီစီ ၂၄၀၀ နဲ့ ၂၂၀၀ ကြားမှာ တည်ဆောက်ခဲ့တယ်လို့ ယူဆသူရှိသလို ဒီထက်ပိုပြီး ရှေးကျတယ်လို့ ယုံကြည်သူပညာရှင်များလည်း ရှိရဲ့ပေါ့။ သူတို့အလိုအရတော့ ဒီအပြာရောင် ကျောက်တုန်းတွေကို ဘီစီ ၃၁၀၀ ဝန်းကျင်မှာ တည်ဆောက်ခဲ့တယ်လို့ ဆိုရဲ့။ ဘာပဲဖြစ်ဖြစ်။ ဒီကျောက်တုံးတွေပုံကို သမိုင်းမတင်မီခေတ်၊ တစ်နည်းပြောရရင် သမိုင်းဦးခေတ်က တည်ဆောက်ထားခဲ့တယ် ဆိုတာကိုတော့ အားလုံးက သဘောတူလက်ခံထားကြပါတယ်။

လေ့လာသူတွေက စတုန်းဟင်းကို ခေတ်အလိုက်ပိုင်းခြားပြီး စတုန်းဟင်း ၁ (ဘီစီ ၃၁၀၀) ၊ မြေကျင်းတူးတဲ့အဆင့်။ စတုန်းဟင်း ၂ (ဘီစီ ၂၆၀၀) စသဖြင့် တည်ဆောက်လာခဲ့တဲ့ပုံစံ ကွဲပြားပုံကိုလည်း ပြောဆိုကြပါတယ်။ စတုန်းဟင်းကို ပညာရှင်အများ လေ့လာခဲ့ကြပေမယ့် စက်မှုနည်းပညာမထွန်းကားမီက ခုလောက်ကြီးမားလေးလံတဲ့ ကျောက်

တုန်းကြီးတွေကို ဘယ်လိုစိုက်ထူခဲ့တယ်။ ဘယ်လို မတင်ခဲ့တယ်။ နောက်ပြီးလည်း ဘယ်လိုရည်ရွယ်ချက်နဲ့ သယ်သူတွေက တည်ဆောက်ခဲ့ကြတယ်ဆိုတာကိုတော့ ဘယ်သူမှ ခုတိုင် တပ်အပ်သေချာ မပြောနိုင်သေးပါဘူး။ ကိုယ့်စိတ်ကူးနဲ့ကိုယ် မှန်းဆသူများတော့ ရှိပါတယ်။ သို့ပေမယ့် တကယ့်အဖြစ်မှန်ဆိုတာက မှန်းဆမှုရဲ့ ဟိုမှာဖက်မှာလေ။ ဒီတော့ တကယ့်အမှန်တရားကို တိတိကျကျ အမှန်ပြောလို့ မရနိုင်တဲ့အနေပဲ ရှိနေသေးရဲ့။

စတုန်းဟင်းနဲ့ဆိုင်တဲ့ ပါးစပ်ပုံပြင်တွေကတော့ အမျိုးမျိုးပါပဲ။ ဘာပဲဖြစ်ဖြစ် ဟိုးလွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတည်းက ရှိနေတဲ့ ရှေးဟောင်းလူသားများရဲ့ စွမ်းပကား၊ အဆက်ဆက် ဆက်လက်ထိန်းသိမ်းခဲ့ကြသူများရဲ့ အမြော်အမြင်နဲ့ စတုန်းဟင်းရဲ့ လက်ရှိအသွင်အပြင်က ကိုယ့်ကိုယ် အတွေးနဲ့ဖမ်းစားနိုင်ခဲ့သလို အတွေ့နဲ့လည်း ဆွဲဆောင်နိုင်ခဲ့ပါတယ်။ ကိုယ်သွားခဲ့တဲ့ ခရီးစဉ်တလျှောက်မှာ စတုန်းဟင်းဟာ ရိုးရှင်းမှုနဲ့ ဆွဲဆောင်နိုင်တဲ့နေရာတစ်ခုဖြစ်ကြောင်းကိုတော့ မှတ်တမ်းပြုချင်ပါတယ်။ တချို့ရိုးရှင်းမှုနောက်မှာ သိမ်မွေ့နက်ရှိုင်းတဲ့ လုပဆန်းကြယ်မှုတွေရှိနေတတ်တာ သဘာဝတရားရဲ့ ဖန်ဆင်းနိုင်မှုလွန် အလှတရားများပဲပေါ့။

စတုန်းဟင်းမှာ ရှိနေစဉ် မိနစ်သုံးဆယ်ခန့်အတွင်း အလင်းရောင်ပြင်းပြင်း ဖန်ဆင်းပေးခဲ့တဲ့ နေမင်းကြီးနဲ့ မှုန်ပျပျ ရာသီအောက်က တောက်ကုန်းလွင်ပြင်မို့မို့ပေါ်မှာ ဘယ်သူတွေက ဘယ်အချိန်မှာ ဘာရည်ရွယ်ချက်နဲ့ ဘယ်လို တည်ဆောက်ဖန်တီးခဲ့တယ်ဆိုတာ တိတိကျကျ မသိနိုင်သေးတဲ့ စတုန်းဟင်းရဲ့ မပီပိုးဝါး အတိတ်သမိုင်းကို ပိုမိုပီပြင် လာစေဖို့ ဖန်ဆင်းပေးခဲ့တဲ့ တိမ်စိုင် ညို့ညို့တို့ကိုလည်း ကျေးဇူးစကား ဆိုလိုက်ချင်ပါသေးတယ်။ တချိန်တည်းနဲ့ အပူအအေး၊ အမှောင်အလင်း ရသနှစ်မျိုးခံစားနိုင်အောင် ဖန်ဆင်းပေးခဲ့တဲ့ ဒီနေနဲ့ ဒီတိမ်တို့ဟာ ဘယ်လောက်များ ကျေးဇူးတင်စရာ ကောင်းလိုက်ပါသလဲ။ စတုန်းဟင်းရဲ့ ဖြေရှင်းလို့ မရနိုင်သေးတဲ့ Mystery story နောက်မှာ ကိုယ့်စိတ်တွေလည်း တိမ်ရိပ်တွေခိုစီးလို့ သူတို့နဲ့အတူလိုက်ပါ ပြေးလွှားနေလိုက်တာ။ စကြာဝဠာ ဟိုဖက်စွန်းထိ။

စတုန်းဟင်းရဲ့ မြင်ကွင်း၊ စတုန်းဟင်းနဲ့ကိုယ် ပေါင်းစပ်မှတ်တမ်းတင်အပြီးမှာတော့ စတုန်းဟင်းကနေ ရှိမန်တို့ရဲ့ ယဉ်ကျေးမှုတွေ ထင်ထင်ရှားရှား ထင်ကျန်နေဆဲဖြစ်တဲ့ Bath ဆိုတဲ့ မြို့လေးဆီ သွားကြမယ်။ ဘတ်သ်ရဲ့ ကျော်ကြားမှုက သူ့ဆီကို အမြန်ရောက်စေဖို့ ကိုယ့်ကို စိတ်စောစေခဲ့တယ်။ ဘတ်ကိုမရောက်မီ တနေရာရာမှာ နေ့ဆွမ်းစားဖို့ လိုလိမ့်မယ်။ စတုန်းဟင်းက ထွက်တော့ နေ့ ၁၁ နာရီ ထိုးလုနီးပြီ။ နေမင်းကြီးကတော့ တိမ်စိုင်များနဲ့ တူတူပုန်းတမ်း ကစားနေသမို့ မြင်ကွင်းကနေ ကွယ်သွားလိုက် ပေါ်လာလိုက်။ ကွင်းပြင်တခိုရှိ စိမ်းလန်းတဲ့ မြက်ခင်းများ၊ စိုက်ခင်းများ၊ တောအုပ်များကလည်း အစိမ်းရင့်ရောင်ဖြစ်သွားလိုက်၊ ဖက်ဖူးရောင်ဖက် ကူးသွားလိုက်။ အချိန်ဆိုတဲ့အရာက သာ ကိုယ့်ကို ဘယ်အချိန်မှာ ဘာလုပ်ရမယ်ဆိုတာ ကြိုတင်သတ်မှတ်မထားဖူးဆိုလျှင်ဖြင့် ပြောင်းလဲနေတဲ့ သဘာဝ အလှတရားကို နေ့ဆွမ်းမစားပဲ ထိုင်လို့သာ စောင့်ကြည့်နေလိုက်ချင်စမ်းပါဘိ။ ။



